## Saturday, June 21, 2008

## ဘယ်သူပြောင်းပြောင်း။ သူဘဲ မင်းကြီးသက်တော်ရှည်. (ငါမအိုသေး)

စစ်အစိုးရ၏ အရေးပါသော ရာထူးများတွင် အပြောင်းအလဲများလုပ်
မဇ္ဈိမသတင်းဌာန
သောကြာနေ့၊ ဇွန်လ 20 2008 21:15 - မြန်မာစံတော်ချိန်

နယူးဒေလီ။ ။ မြန်မာနိုင်ငံမှ လျှို့ဝှက် သိပ်သည်းလှသော ဗိုလ်ချုပ်ကြီးများသည် အစိုးရ အဖွဲ့တွင်းနှင့် တပ်တွင်း အရေးပါသော ရာထူး နေရာများကို အပြောင်းအလဲ ပြုလုပ်လိုက်သည်။

စစ်အစိုးရက အစိုးရအဖွဲ့တွင်း အပြောင်းအလဲများကို တရားဝင် ကြေညာသော်လည်း စစ်တပ်တွင်း တပ်မှူး အပြောင်းအလဲများနှင့် ကာကွယ်ရေး အထူးစစ်ဆင်ရေး ဌာနမှူး (BSO) အပြောင်းအလဲများကိုမူ ထုံးစံအတိုင်း ပင် ထုတ်ပြန် ကြေညာခြင်း မပြုပါ။

ယခင်က ဝန်ကြီးဌာန ၂ ခုကို ပူးတွဲ ကိုင်ထားခဲ့သော ဗိုလ်ချုပ် မောင်မောင်ဆွေကို ဆိုင်ကလုံးအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာ ချထားရေး လုပ်ငန်းများကို တာဝန်ယူရန် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန တနေရာကိုသာ တာဝန် ယူရန် လျှော့ချလိုက်သည်။ အခြား ဝန်ကြီးဌာနတခု ဖြစ်သော လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဌာနကိုမူ အသစ် ခန့်အပ်လိုက်သော ဗိုလ်ချုပ် စောလွင်က တာဝန်ယူမည် ဖြစ်သည်။

ဗိုလ်ချုပ် စောလွင်၏ ယခင် ရာထူးဖြစ်သော စက်မှု (၂) ဝန်ကြီး တာဝန်ကို ရေတပ် စစ်ဦးစီးချုပ် ရေတပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက လွှဲပြောင်း တာဝန်ယူမည် ဖြစ်သည်။

ယင်းကို လေ့လာသူများက အာဏာ လျောကျသွားခြင်း ဖြစ်သည် ဟု သုံးသပ် ပြောဆိုနေကြသည်။

ထိုအတောအတွင်း အလားတူ တပ်မှူး အပြောင်းအလဲ အများအပြားကို မြန်မာ စစ်အစိုးရက ကြေညာခြင်း မပြုဘဲ ပြုလုပ်ခဲ့ခြင်းကို ပြုလုပ်ခဲ့ သည်။ ငယ်ရွယ်သော အရာရှိများကို တပ်မှူးများအဖြစ် ရာထူး တိုးမြှင့်ပေးခဲ့ပြီး အရေးပါသော နေရာရှိ တပ်မှူးကြီးများကို ပိုမြင့်သည့်

ရာထူး ဖြစ်သည့် စစ်ဆင်ရေးနှင့် ကွပ်ကဲမှု ဌာနချုပ်များ (ကစထ) သို့ တိုးမြှင့် ခန့်အပ်ခဲ့သည်။

စစ်တပ် အသိုင်းအဝိုင်းမှ လာသော သတင်းအရ အရေးပါသော စစ်တပ် တပ်မှူး ၄ ဦးကို ကစထမှူးများအဖြစ် ခန့်အပ်ခဲ့သည်ဟု သိရသည်။

အဆိုပါတပ်မှူးကြီး ၄ ဦးမှာ အရှေ့မြောက်တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်၊ မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တောင်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်ကိုကို တို့ ဖြစ်ကြပြီး ယင်းတို့ကို ကစထမှူးများ ဖြစ်လာကြသည်ဟု မဇ္ဈိမက စုံစမ်း သိရှိရသည်။

မြန်မာစစ်တပ်တွင် ကထစမှူးရာထူး ၅ နေရာရှိပြီး ယခင် ကစထမှူးများထဲမှ ဗိုလ်ချုပ်မောင်ဘို တဦးသာ မူလရာထူးတွင် ကျန်ရစ်သည်။ အခြား ၄ ဦးဖြစ်သည့် ဗိုလ်ချုပ် ရဲမြင့်၊ ဗိုလ်ချုပ် အောင်ထွေး၊ ဗိုလ်ချုပ် ကျော်ဝင်း နှင့် ဗိုလ်ချုပ် ခင်မောင်သန်း တို့ကို အငြိမ်းစားပေးလိုက်သည်။

အနားယူသွားရပြီ ဖြစ်သော ကစထမှူးများမှာ စစ်အစိုးရ အဖွဲ့အတွင်း နံပါတ် ၃ ခေါင်းဆောင် ပူးတွဲညှိနှိုင်း ကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုဗိုလ်ချုပ်ကြီး ရွှေမန်းထက် ဝါရင့်သူ (သို့မဟုတ်) အကြီးအကဲဟောင်းများ ဖြစ်ခဲ့ကြခြင်း ကြောင့် စစ်တပ်ပုံစံ အမိန့်ပေး ကွပ်ကဲမှုအရ ကသိကအောက် ဖြစ်ခဲ့ကြသည်။

အသစ်ခန့်အပ်မည့် တိုင်းမှူးသစ်များတွင် ကလော စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ် ဗိုလ်မှူးချုပ် ကျော်ဖြိုးနှင့် သံတောင် စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ် ဗိုလ်မှူးချုပ် ရာပြည့် တို့ ပါဝင်မည် ဖြစ်သည်။ အခြား ၂ ဦး၏ အမည်ကို မူ ဆက်လက် စုံစမ်းဆဲ ဖြစ်သည်။

ဤအတောအတွင်း အရေးပါသော ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကိုလည်း တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်အဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေး၏ နေရာတွင် ပြောင်းလဲ ခန့်ထားလိုက်သည်။ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးမှာမူ အငြိမ်းစား ယူလိုက်သည်ဟု အဆိုပါ သတင်းရပ်ကွက်များကပင် ဆက်လက် ပြောကြားသွားပါသည်။

"တပ်မှူးတွေ အကုန်လုံး အပြောင်းအလဲ ရှိတယ်၊ မပြောင်းတာဆိုလို့ (ဗိုလ်ချုပ်မှူးကြီး) သန်းရွှေနဲ့ (ဒုဗိုလ်ချုပ်မှူးကြီး) မောင်အေးဘဲ ရှိတယ်" ဟု စစ်တပ် အသိုင်းအဝိုင်းက ပြောဆိုလိုက်ပါသည်။

## သူ့ ဖာသာသူ ဗမာပြည်လွမ်းတာပါတဲ့ဗျာ...

ဒါမျိုးတွေ ရှိနေပါပေ့ါ နအဖရယ်။
မြန်မာ သံအမတ်ကြီး ဦးကျော်တင့်ဆွေကို စစ်အစိုးရက ပြန်ခေါ်ချင်တောင်..ပြန်ခေါ်မိတောင် ဗိုလ်မှူးအောင်လင်းထွဋ်ရဲ့စာတွေ မှားကြောင်းပြချင်တာမို့ လောလောဆည် မခေါ်ဘူးညင်းတာပါ။ ဒါမှ ပြောတာတွေ အဖြီးတွေ လက်ညှိုးထိုးချင်တာပေ့ါ။ လောလောဆည် ကံကောင်းသူက မြန်မာ သံအမတ်ကြီး ဦးကျော်တင့်ဆွေ ပေ့ါဗျာ။

ခေါ်ချင်သော်ညား.ဖျင်းချင်သော်ငြား.. ဝေးဝေးကဘဲ နအဖ လွမ်းနေရတယ်ဗျ။ ကဲ မြန်မာ သံအမတ်ကြီး ဦးကျော်တင့်ဆွေရေ.. ခင်ဗျား
နေပြည်တော်ပြန်ရင်လည်း.သောက်ညင်ကပ်ပုဒ်မ နဲ့တပ်စွဲ..ကမ်းနားက သစ်ပင်ကြီးလဲမှာ မြင်ယောင်ပါသေးရဲ့
ဦးခင်ညွှန့် တောင်ပြုတ်. ဦးနေဝင်းတောင် အိမ်ထဲချုပ်ထားမှဗျာ.. မြန်မာ သံအမတ်ကြီး ဦးကျော်တင့်ဆွေ တော့ အသာလေးပေ့ါ..ဟဲဟဲ

ကဲ ဘိုးတော်ရေ..မပြောမရှိနဲ့ ဗျို့ ..ထွက်သာ ပြေးပေတော့..လွတ်ရာကျွတ်ရာ..
အောင်လင်းထွဋ်ရဲ့ အမှန်တွေဖေါ်နေတဲ့အခါ..အမှန် သိတဲ့ သက်သေတွေ..နှုတ်ပိတ်ဖို့ စနေပြီ။
ကဲ..ပြေးပေတော့ဗျာ..အသက်ကို ဉာဏ်စောင့်တယ်။ ဒီဘက် မှာ
ပူးပေါင်းချင်ရင်လာ..တရားပြည့်တဲ့လူတွေ ဟာ..သူ့ ပန်းကို ဘယ်တော့မှမသတ်ပါ..
နဖူးပေါ်လက်တင် စဉ်းစားပါဗျို့ ..တော်ကြာ ခင်ဗျားမယားလေး မုဆိုးမဖြစ်သွားပါ့မယ်..

နယူးယော့ခ် မြန်မာသံအမတ်အား စစ်အစိုးရ ပြန်ခေါ်ခြင်းမဟုတ်ဟု
သံတမန်သတင်းရပ်ကွက်ပြောhttp://www.khitpyaing.org/news/june_08/20-6-08g.php
NEJ/ ၂၀ ဇွန် ၂၀၀၈

အမေရိကန်နိုင်ငံ နယူးယော့ခ်မြို့မှ မြန်မာ သံအမတ်ကြီး ဦးကျော်တင့်ဆွေကို စစ်အစိုးရက ပြန်ခေါ် သည်ဆိုသည့်သတင်း မမှန်ကန် ကြောင်း သံတမန်သတင်းရပ်ကွက်က ပြောသည်။ နာဂစ်မုန်တိုင်းကိစ္စတွင် နိုင်ငံတကာဘက်မှ ထောက်ခံပြောဆိုသဖြင့် မြန်မာနိုင်ငံ ဆိုင်ရာ ကုလ သမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် သံအ မတ်ကြီး ဦးကျော်တင့်ဆွေအား စစ်အစိုးရက ပြန်ခေါ်သည် ဆိုသည့် စာများကို ဗိုလ်မှူးအောင်လင်းထွဋ်က ပြည်ပ မီဒီယာများသို့ မကြာခင်က ပေးပို့ခဲ့သည်။ သို့သော် မြန်မာ သံအမတ်ကြီး ဦးကျော်တင့်ဆွေ (ဤသတင်း ရေးချိန်ထိ) နယူးယော့ခ် မြန်မာသံရုံးတွင် ဆက်လက်တာဝန်ထမ်းဆောင်နေသည် ဟု

သံတမန် သတင်း ရပ်ကွက် က ပြောသည်။

နယူးယော့ခ်မြန်မာသံရုံးမှ ကောင်စစ်ဝန် ဗိုလ်မှူးကြီးကျော်စွာမင်းနှင့် ဗိုလ်မှူး အောင်လင်းထွဋ်တို့ကြား ပုဂ္ဂိုလ်ရေး မပြေလည်မှုများ ဖြစ်ပြီး မကြာခင် သံအမတ်ကြီး ဦးကျော်တင့်ဆွေအား စစ်အစိုးရက ပြန်ခေါ်သည် ဆိုသည့် စာများကို ဗိုလ်မှူးအောင်လင်းထွဋ်က ဖြန့်ဝေခဲ့ခြင်းဖြစ်သည်ဟု နယူးယော့ခ် မြန်မာသံရုံးနှင့် နီးစပ်သည့် သတင်းရပ်ကွက် က ပြောသည်။ ဗိုလ်မှူး အောင်လင်းထွဋ်အား သတင်းမှား များထုတ်ပေးရန် ကောင် စစ်ဝန် ဗိုလ်မှူးကြီးကျော်စွာမင်းကို စစ်အစိုးရက သီးခြားတာဝန်ပေးခဲ့ပုံရသည် ဟု နေပြည်တော် အရာရှိ အသိုင်းအဝန်းက ယူဆသည်။ နယူးယော့ခ်မြို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတန်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေ သည် နယူးယော့ခ်မြန်မာသံရုံးတွင် (၁၀) နှစ်ကျော် တာဝန်ထမ်းဆောင်နေပြီး ကုလ သမဂ္ဂတွင် စစ်အစိုးရအလိုကျ ကူညီ ပြောဆိုနေ သည့် သံတမန်တဦးဖြစ်သည်ဟု နေပြည်တော် အရာရှိတဦးက ပြောသည်။

လတ်တလော ပြည်ပမီဒီယာများသို့ ဖြန့်ဝေသည့် ဗိုလ်မှူးအောင်လင်းထွဋ်၏ စာများတွင် မြန်မာစစ်တပ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျူးလွန်သည်ဆိုသည့် အချက်များကိုသာ အသား ပေး ဖော်ထုတ်ထားပြီး အကျယ်ချုပ်ကျနေသည့် ထောက်လှမ်းရေးခေါင်းဆောင် ဗိုလ်ချုပ်ခင်ညွန့် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ၊ တချိန်က စစ်ထောက်လှမ်းရေး၏ အတိုက်အခံအပေါ် ရက်စက် ကြမ်းကြုတ်မှုများကိုမူ ယခုချိန်ထိ ဖော်ပြထားခြင်းမရှိဟု အတိုက်အခံအချို့က သုံးသပ်သည်။

ဦးအောင်လင်းထွဋ်သည် ထောက်လှမ်းရေးဗိုလ်မှူးဟောင်းဖြစ်ပြီး တချိန်က ဝါရှင်တန်ဒီစီ မြန်မာ သံရုံးတွင် သံရုံး ဒုတိယတာဝန်ခံအဖြစ် တာဝန်ယူခဲ့သည်။ ဗိုလ်ချုပ်ခင်ညွန့်ပြုတ်ပြီး မကြာခင် အမေရိကန်နိုင်ငံ၌ နိုင်ငံရေး ခိုလှုံခွင့် လျှောက်ခဲ့သည်။ ။

## [နအဖ ရဲ့ နောက်ချိုးတဲ့ ကုလားဖန်နဲ့ ဖဲများ..]

ု အလူတွေပြောင်း...ကောင်းလာမလား မတွေးပါနဲ့ဗျာ။ ဒီပုပ်ထဲက အောက်နေတဲ့ ဒီပဲတွေပါဘဲ.။
ဟိုအရင်ကောင်တွေ က..သိပ် စပီကင် မကောင်းတဲ့ ပုဒ်မနဲ့ပါ။။ အခု..နိုင်ငံတကာနဲ့
ပြောရင်..ပိုများပိပိရိရိ လိမ်ကောင်းအောင်..လူလဲပြတာပါ။
နောက်တချက်ကတော့ နောက်တက်တဲ့သူ မိန်းမလာပေးတဲ့ လာဘ် လာဘ
စိန်နားကပ်ကြီးက..အရင်လူဟောင်းမယား ပေးတဲ့
စိန်နားကပ်ထက်ကြီးရင်..ပြောင်းစေပေါ့ဗျာ..လူသစ်တက်ပေ့ စေပေါ့
မျက်နှာကြီးရာ..နအဖ က ဟင်းဖတ်ပါစမြဲဘဲ ။ ဘယ်သူဘဲတက်တက်..နအဖက သာခန့် ပစေ။

**အားလုံး..ခေါင်း ပောင်းလောင်းနဲ့ လူတွေပါဘဲ..ခေါင်းမပါတဲ့ သူမှ..ခေါင်းမပါတဲ့ လူနဲ့ တဲ့တာပါဗျာ..ဦးခေါင်းပါသူတွေ ကျ.. အိမ်တွင်းအကျဉ်းကျ.. ပြည်ပမှာကျွန်ခံရ..အင်းစိန် ထောင်ကြီးတိုက်ထဲမှာ။..တော်တော်လဲ တရားရှိတဲ့..မနအဖ..**

**စစ်အစိုးရ ရာထူးအပြောင်းအလဲလုပ်**

ဧရာဝတီ ဇွန် ၂၀၊ ၂၀၀၈

စစ်အစိုးရ စစ်တပ် ထိပ်ပိုင်းခေါင်းဆောင် တချို့အပါအဝင် ဝန်ကြီးအဖွဲ့ဝင် တချို့၏ ရာထူး အပြောင်းအလဲ ပြုလုပ်ကြောင်း အစိုးရ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ရာထူး အပြောင်းအလဲပြုလုပ်ခံရသူများတွင် ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ဗိုလ်ချုပ် စောလွင်နှင့် ရေတပ် ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်းတို့ ပါဝင်ကြောင်း မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ယနေ့ ကြေညာသည်။

ယခင် အမှတ်(၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောလွင်ကို ယခု လူဝင်မှုကြီးကြပ်ရေးနင် ပြည်သူ့အင် အား ဝန်ကြီး ဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ ရေတပ် ကာကွယ်ရေးဦးစီးချုပ် ဒု ဗိုလ်ချုပ်ကြီး စိုးသိန်းကို ယခု အမှတ် (၂) စက်မှု ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း ပြောင်းရွှေ့လိုက်ကြောင်း သိရသည်။

ယခင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန ၂ ခုကို တာဝန်ယူထားသော ဗိုလ်ချုပ် မောင်မောင်ဆွေကို ယခုမူ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန တခုတည်းကိုသာ တာဝန် ပြောင်းလဲလိုက် ကြောင်း လည်း ကြေညာချက်တွင် ပါရှိသည်။

ယင်းသို့ ရာထူး တာဝန်များပြောင်းရွှေ့ခံရသူများမှာ စစ်တပ်အတွက် အသုံးမလိုသူများကို ပြောင်းရွှေ့ခြင်း ဖြစ်ကြောင်း ရန်ကုန် စစ်တပ် အသိုင်းအဝန်းအတွင်း ပြောဆိုနေကြပြီး ရေတပ် ဦးစီးချုပ်သစ် ရာထူးအတွက် ရေတပ် ဗိုလ်ချုပ် ဉာဏ်ထွန်းကို ခန့်မှန်းနေကြကြောင်းလည်း သိရသည်။

တချိန်တည်းတွင် ဒု ဗိုလ်ချုပ်ကြီး ရဲမြင့်ကို လေးလပတ် အစည်းအဝေးပြီးနောက်ပိုင်း နေပြည်တော်တွင် ထိန်းသိမ်းထား သည်ဟူသော ကောလာဟလ တချို့လည်း ရန်ကုန် စာနယ်ဇင်း သတင်း အသိုင်းအဝန်းတွင် ဖြစ်ပေါ်နေသည်။

ယင်း ဒု ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ၎င်း၏သား အောင်ဇော်ရဲမြင့် ၏ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် ပတ်သက်ပြီး ရာထူးမှ ဖယ်ရှားခံရနိုင်သည်ဟုလည်း ပြောဆိုနေကြသည်။

အောင်ဇော်ရဲမြင့်အား မေလ ၂၉ ရက်က ကြည့်မြင်တိုင်မြို့နယ်ရှိ ၎င်း၏ ရုံးခန်းတွင် ရဲတပ်ဖွဲ့က ဝင်ရောက် စီးနင်း ဖမ်းဆီး ခဲ့သည်။

အောင်ဇော်ရဲမြင့်နှင့် ဆက်စပ် ပတ်သက်နေသော နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်တဦး ဖြစ်သူ မောင်ဝိတ် သည်လည်း မူးယစ်ဆေးဝါးမှုဖြင့် မေလ နောက်ဆုံးပတ်က ဖမ်းဆီးခံခဲ့ရကြောင်း မောင်ဝိတ်၏ စီးပွားရေး လုပ်ဖော် ကိုင်ဖက် ဟောင်း တဦးကပြောသည်။

အောင်ဇော်ရဲမြင့်ကိုမူ ၎င်း၏ ဖခင် ဒု ဗိုလ်ချုပ်ကြီး ရဲမြင့်၏ အရှိန်အဝါကြောင့် ရဲ က ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

အဆိုပါ ဒု ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဗိုလ်သင်တန်းကျောင်း(OTS) အပတ်စဉ် (၃၁)ဆင်း ဖြစ်ပြီး ၂၀၀၁ ခုနှစ် နိုဝင်ဘာလမှ စတင်၍ အမှတ်(၁) စစ်ဆင်ရေးအထူးအဖွဲ့မှူး ဖြစ်လာခဲ့သူ ဖြစ်သည်။